# အမျိုးသားညီညွတ်ရေးအစိုးရ
# အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန
# ၂၀၂၃ ခုနှစ် ၁၆ ရက်တာ လူထုလှုပ်ရှားမှု မှတ်တမ်းများ



အမျိုးသမီး၊လူငယ်နှင့်
ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန

# အမျိုးသားညီညွတ်ရေးအစိုးရ

# အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ
# ဝန်ကြီးဌာန မှ ကြီးမှူးကျင်းပသော

## ၂၀၂၃ ခုနှစ်

## ကျား/မအခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး
## (၁၆)ရက်တာလှုပ်ရှားမှုမှတ်တမ်းများ

# မာတိကာ


- ဥယျောဇဉ် ၆
- ယာယီ သမ္မတ၏ မိန့်ခွန်း ၈
- ဝန်ကြီးချုပ်၏ မိန့်ခွန်း ၁၁
- ပူးတွဲထုတ်ပြန်ချက် ၁၄
- (၁၆)ရက်တာ လှုပ်ရှားမှုနေ့၏ သမိုင်းအကျဉ်း ၁၇
- ကဗျာကဏ္ဍ ၂၁
- ဆောင်းပါးကဏ္ဍ ၂၂
- ကလေးများဆုရပန်းချီကဏ္ဍ ၂၇
- ဆုရခေါင်းစဉ်ပုံကဏ္ဍ ၃၀
- (၁၆)ရက်တာလှုပ်ရှားမှုကဏ္ဍ မှတ်တမ်းဓါတ်ပုံများ ၃၁
- မှတ်တမ်းရုပ်ရှင်ကဏ္ဍ ၄၄
- စကားပိုင်းကဏ္ဍ ၄၆


အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှထုတ်ဝေသည်။

# ဥယျောဇဉ်

ကျား/မအခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး (၁၆)ရက်တာ လှုပ်ရှားမှုသည် နှစ်စဉ်နှစ်တိုင်း အစိုးရအဖွဲ့များနှင့် အရပ်ဖက်လူမှုအဖွဲ့ အစည်းများက နှစ်စဉ်ကျင်းပမြဲဖြစ်ပါသည်။

ယခုနှစ်အတွက် ဆောင်ပုဒ်မှာ ***"အမျိုးသမီးနှင့် မိန်းကလေး ငယ်များအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးဖို့ အတူပါဝင်ပံ့ပိုးစို့"*** ***"UNiTE! Invest to Prevent Violence Against Women & Girls"*** ဖြစ်ပါသည်။ ယခုနှစ်၏ဆောင်ပုဒ်သည် အမျိုးသမီးနှင့်မိန်းကလေးများအပေါ် အကြမ်းဖက်မှုကို ကာကွယ် တားဆီး ခြင်းအားဖြင့် နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်မှုကို အကောင်အထည်ဖော်ရာရောက်သည့် အနှစ်သာရပင် ဖြစ်သည်။


အမျိုးသားညီညွတ်ရေးအစိုးရ စတင်ဖွဲ့စည်းပြီး ၂၀၂၁ခုနှစ်မှ စတင်၍ ယနေ့ ၂၀၂၃ခုနှစ်ထိ အမျိုးသမီး၊ လူငယ်နှင့်ကလေး သူငယ် ရေးရာဝန်ကြီးဌာနမှ ဦးဆောင်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ် ကျင်းပ ခဲ့ပါသည်။ ယခုနှစ်တွင် ပြည်နယ်အတိုင်ပင်ခံကောင်စီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ သပိတ်အင်အားစုများနှင့် ပူးပေါင်းပြီး လှုပ်ရှားမှုများ ပြုလုပ်နိုင်ပြီ ဖြစ်ပါသည်။

ယခုနှစ် (၁၆)ရက်တာလှုပ်ရှားမှုတွင် အမျိုးသမီးနှင့် မိန်းကလေး များကို အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တုန့်ပြန်ရေးလုပ်ငန်း အတွက် အသိပညာပေးခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ သပိတ် အင်အားစုများက ဆောင်ပုဒ်များကြွေးကြော်ခြင်း၊ အမျိုးသမီးနှင့် ကလေး

များ ပျော်ပွဲရွှင်ပွဲများ အားကစားပွဲများပြုလုပ်ခြင်း၊ ကလေးပန်းချီ ပြိုင်ပွဲကျင်းပခြင်း စသည့် ပြည်သူများ ပျော်ရွှင်ပညာရစေသည့် လှုပ်ရှားမှုများနှင့် ကျင်းပခဲ့ပါသည်။ ဤ (၁၆)ရက်တာလှုပ်ရှားမှုအတွက် နည်းပညာပံ့ပိုးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီထောက်ပံ့ခြင်းနှင့် လုံခြုံသည့်နေရာဖန်တီးပေးသည့် အုပ်ချုပ်ရေးအဖွဲ့များ၊ နိုင်ငံတကာနှင့်မိတ်ဖက်အဖွဲ့အစည်းများအားကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။

ဤစာအုပ်အားဖြင့် ယခုနှစ်(၁၆)ရက်တာလှုပ်ရှားမှုကို မှတ်တမ်းတင်နိုင်ပြီး နွေဦးတော်လှန်ရေးမှသည် ဖက်ဒရယ်နှင့်ဒီမိုကရေစီအတွက် အခြေခံကောင်းများဖြစ်စေရန်ရည်ရွယ်ပါသည်။

***“အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု
ကာကွယ်တားဆီးဖို့ အတူပါဝင်ပံ့ပိုးစို့”***



**နော်စူစန်နာလှလှစိုး**
**ပြည်ထောင်စုဝန်ကြီး**
**အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**



# နိုင်ငံတော် ယာယီသမ္မတ ဒူဝါလရှီးလ၏
# (၁၆)ရက်တာလှုပ်ရှားမှုနေ့ အထိမ်းအမှတ် အဖွင့်မိန့်ခွန်း

အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှု(နိုဝင်ဘာ(၂၅)ရက် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးနေ့မှ ဒီဇင်ဘာ(၁၀)ရက် လူ့အခွင့် အရေးနေ့အထိ) ဖြစ်ပြီး လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက စတင် လှုံ့ဆော် ကျင်းပခဲ့ကြသည်။ (၁၆)ရက်တာလှုပ်ရှားမှုကို ကုလသမဂ္ဂ အဖွဲ့ကြီးက နှစ်စဉ် အဖွဲ့ဝင်နိုင်ငံအသီးသီးတွင် ကျင်းပခဲ့ကြသည်။ ကမ္ဘာ လုံးဆိုင်ရာ လှုပ်ရှားမှု၏ရည်ရွယ်ချက်မှာ ကျား/မအခြေပြုအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ ပပျောက်ရန် ကြိုးပမ်းချက်များနှင့် လူ့အခွင့်အရေးများကို လေးစား လိုက်နာရန်နှင့် မြှင့်တင်ရန်တို့ဖြစ်သည်။ ယင်းသို့ကြိုးပမ်းအားထုတ်ရာမှာ ပါဝင်နေကြတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့ရဲ့ တစိုက် မတ်မတ်လုပ်ဆောင်မှုတွေကို လေးစားအသိအမှတ်ပြု အားပေးဖို့၊ ကြိုးပမ်း လုပ်ဆောင်မှုတွေကို အချင်းချင်းမျှဝေခြင်းဖြင့် လေ့လာကြဖို့ကို ရည်ရွယ်ပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **“အမျိုးသမီးနှင့် မိန်းက**

**လေးငယ်များအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးဖို့ အတူတကွ ပါဝင်ပံ့ပိုးစို့" UNiTE! Invest to Prevent Violence against Women & Girls** ဖြစ်ပါသည်။ ယခုနှစ်ရဲ့ဆောင်ပုဒ်သည် အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကို ကာကွယ် တားဆီး တုန့်ပြန်ဖို့ ငွေ၊ အချိန်၊ လူနှင့် ဦးစားပေးမှုစသည့် အရင်းအမြစ်များကို အတူတကွ ရင်းနှီးမြှုပ်နှံလုပ်ဆောင်ကြဖို့ ဖြစ်ပါသည်။

ယခုနှစ်မှာ ကျရောက်တဲ့ (၁၆)ရက်တာလှုပ်ရှားမှုမှာ အမျိုးသမီးများ အခွင့်အရေးနဲ့ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု အဆုံးသတ်ရေးအတွက် ကာကွယ်တားဆီးရေးနဲ့တုံ့ပြန်ဆောင်ရွက်ရေးတို့မှာ အစဉ်တစိုက် ဦးဆောင်ပါဝင်ခဲ့ကြပြီး ကူညီထောက်ပံ့ခဲ့ကြသည့် အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များကို လေးစားအသိအမှတ်ပြုကြောင်း၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကာကွယ် တားဆီးတဲ့အခါ လူ့အခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အရေးများကို အခြေပြုတဲ့ ချဉ်းကပ်မှုနည်းလမ်းများ နှင့် တုန့်ပြန်ရန် အတွက် ဂျန်ဒါဘတ်ဂျက် ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများကို တုံ့ပြန်ဆောင်ရွက်ကြတဲ့အခါ ကျူးလွန်ခံရသူအား ဗဟိုပြုတဲ့နည်းလမ်းတွေနဲ့ သူတို့ရဲ့အခွင့် အရေး၊ လုံခြုံရေး၊ ဂုဏ်သိက္ခာကို လေးစား

လိုက်နာရေး၊ ခွဲခြားမှု ကင်းစင်ရေးနဲ့ လျှို့ဝှက်မှုကိုထိမ်းသိမ်းရေး စတဲ့ အခြေခံမှုတွေကိုပါ လိုက်နာဖို့လိုအပ်ကြောင်းနှင့် တရားမျှတမှုရရှိရန် ပြစ်ဒါဏ်ကင်းလွတ်မှုမှ အဆုံးသတ်ရေးကို ဖော်ဆောင်ရန်၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုဟာ အမျိုးသမီးတွေနဲ့သာ ဆိုင်တဲ့ကိစ္စ၊ ပြဿနာမဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနဲ့ဆိုင်တဲ့ ပြဿနာရပ်ဖြစ်လို့ အားလုံးမှာ တာဝန်ကိုယ်စီရှိကြပါသည်။ ထို့ကြောင့် အကြမ်းဖက်မှုများကို တုံ့ပြန်ဆောင်ရွက် ကြတဲ့အခါ ကဏ္ဍအသီးသီး (ဌာနဆိုင်ရာအသီးသီး) အတူအကွပူးပေါင်းဆောင်ရွက်မှုသည် အင်မတန် အရေးကြီးပါသည်။ ဝန်ဆောင်မှုများ (ကျန်းမာရေး၊ စိတ်လူမှု၊ ဥပဒေ၊ နားခိုရာ) ပေးနေကြတဲ့ အဖွဲ့အစည်းအသီးသီးရဲ့ နီးကပ်စွာ ပူးပေါင်း လုပ်ဆောင်မှုသည် အင်မတန် အရေးကြီးပြီး အရေးပါကြောင်း၊ ခုခံ တော်လှန်ခြင်းနှင့်အတူ အာဏာရှင်စနစ် အမြစ်ဖြတ်ခြင်းနှင့်အတူ ဖိုဝါဒ ကြီးစိုးမှုကိုပါ အဆုံးသတ်ဖို့ အားအင်စိုက်လုပ်ဆောင်ရမည် ဖြစ်သည့် အကြောင်း ပြောကြားတိုက်တွန်းလျက် အားလုံးရဲ့ စုစည်းအား၊ ပူးပေါင်း ဆောင်ရွက်မှုအားများနဲ့ အမျိုးသမီးနဲ့ မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကာကွယ်တားဆီးဖို့ အတူတကွ ပါဝင်ပံ့ပိုး လုပ်ဆောင်သွား ကြရပါမည်။



# နိုင်ငံတော်ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၏ (၁၆)ရက်တာလှုပ်ရှားမှုနေ့အထိမ်းအမှတ် အဖွင့်မိန့်ခွန်း

ကျား/မအခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး (၁၆)ရက်တာ လှုပ်ရှားမှုဟာ နှစ်စဉ်နှစ်တိုင်း အစိုးရအဖွဲ့များနှင့် အရပ်ဖက်လူမှုအဖွဲ့ အစည်းများက အလေးထားကျင်းပခဲ့ကြပြီး UN Women က နှစ်စဉ် ဆောင်ပုဒ် ထုတ်ပြန်သလို အဖွဲ့အစည်းအလိုက် ရည်ရွယ်ချက်မပျောက် အနှစ်သာရမပျက်စေဘဲ ဆောင်ပုဒ်အသီးသီးလည်း ထုတ်ပြန်ခဲ့ကြ ပါတယ်။

အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုဟာ ကြီးမားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုပင်ဖြစ်ကြောင်း ညွှန်ပြတဲ့အနေနဲ့ နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အထိမ်း အမှတ်ပွဲကို (နိုဝင်ဘာ(၂၅)ရက်မှ ကမ္ဘာ့လူ့အခွင့်အရေးနေ့ ဒီဇင်ဘာ (၁၀)ရက်) အထိ (၁၆)ရက်တာ ကျင်းပခဲ့ကြပါတယ်။

ထို့နည်းတူစွာ အမျိုးသားညီညွတ်ရေးအစိုးရ စတင်ဖွဲ့စည်းပြီး ၂၀၂၁ခုနှစ်မှစတင်ကာ ယနေ့ ၂၀၂၃ခုနှစ်ထိ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ်ကျင်းပခဲ့ပါတယ်။

ယခုနှစ်မှာတော့ ပြည်နယ်အတိုင်ပင်ခံကောင်စီများ၊ မြေပြင်စိုးမိုးနယ်မြေများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သပိတ်အင်အားစုများနဲ့ ပူးပေါင်းပြီး လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ပါတယ်။

ယခုနှစ်အတွက် ဆောင်ပုဒ်ကတော့ **"အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးဖို့ အတူတကွ ပါဝင်ပံ့ပိုးစို့" UNiTE! Invest to Prevent Violence against Women & Girls** ဖြစ်ပါတယ်။

ယခုနှစ်ရဲ့ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးနှင့်မိန်းကလေးများအပေါ်အကြမ်းဖက်မှုကို ကာကွယ်တားဆီးခြင်းကို ထိရောက်စွာ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရာရောက်တဲ့ ဆိုလိုရင်းအနှစ်သာရ ပဲဖြစ်ပါတယ်။

Sub-Saharan မှာရှိတဲ့ IMF ရဲ့ သုတေသနသစ်မှာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုသည် ဒေသတွင်းနိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေတဲ့ အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိခဲ့ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ၁% တိုးလာခြင်းဟာ စီးပွားရေးလုပ်ငန်းများမှ ၉% အဆင့် လျော့ကျသွားခြင်းနဲ့ဆက်စပ်မှုရှိကြောင်း စစ်တမ်းများအရ တွေ့ရှိရပါတယ်။

အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုများမှ ထိရောက်စွာ တားဆီး ကာကွယ်ရာမှာ ပြည်သူလူထုအား အသိပညာပေးခြင်း လုပ်ငန်းများနဲ့ အစိုးရအဖွဲ့အောက်

တာဝန်ရှိသူ အဆင့်ဆင့်လိုက်နာနိုင်ရေးအတွက် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ အတွက် Code of Conduct, PSHEA Policy, Child Protection Policy များ ပြဋ္ဌာန်းခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

အမျိုးသမီးနှင့် မိန်းကလေးများကို အကြမ်းဖက်မှု ကာကွယ် တားဆီးရေးနှင့် တုန့်ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အသိပညာ ဖြန့်ဝေခြင်း၊ နည်းပညာပံ့ပိုးခြင်း၊ စွမ်းရည်မြှင့်သင်တန်းပေးခြင်း၊ ရုပ်ပိုင်း စိတ်ပိုင်းပံ့ပိုးကူညီထောက်ပံ့ခြင်းနဲ့ လုံခြုံတဲ့ပတ်ဝန်းကျင်ဖန်တီးပေးခြင်း တို့အတွက်နိုင်ငံတကာနဲ့မိတ်ဖက်အဖွဲ့အစည်းများရဲ့ကူညီထောက်ပံ့မှုများ လိုအပ်နေသေးတာဖြစ်လို့ ကူညီပံ့ပိုးကြဖို့လည်း ဒီနေရာကနေတိုက်တွန်း လိုပါသည်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ နွေဦးတော်လှန်ရေး ဟာ ဖက်ဒရယ်နှင့်ဒီမိုကရေစီအတွက် သမိုင်းဝင်တိုက်ပွဲဖြစ်သလို တစ်ချိန် တည်းမှာပဲ စစ်ရဲ့အနိဋ္ဌာရုံထဲကတစ်ခုဖြစ်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု တွေကို ကာကွယ်ခြင်းနဲ့ တားဆီးခြင်းဟာလည်း အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် မှတ်ယူရပါမည်။ လူအား၊ ဉာဏ်အား၊ ဝီရိယအားဖြင့် တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်သွားပါမည်ဟု တိုင်းရင်းသား ပြည်သူလူထုအပေါင်းအား ကတိပြုပါတယ် ခင်ဗျာ။

*****

# ပူးတွဲထုတ်ပြန်ချက် (Joint Statement)

နေ့စွဲ - ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ(၂၅)ရက်။

## ကျား/မအခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး (၁၆)ရက်တာ လှုပ်ရှားမှုနေ့ အတွက် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ကျား/မရေးရာမူဝါဒဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက်

၁။ ကျား/မ အခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး (၁၆)ရက်တာ လှုပ်ရှားမှုကို နိုင်ငံတော်အစိုးရများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသောအဖွဲ့များက နှစ်စဉ်ကျင်းပကြသည်။

၂။ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုပင်ဖြစ်ကြောင်း ညွှန်ပြသည့် အနေဖြင့် ၁၉၉၁ ခုနှစ်တွင် ကျင်းပခဲ့သည့် "ကမ္ဘာလုံး ဆိုင်ရာ အမျိုးသမီးများ ဦးဆောင်မှု အခမ်းအနား" တွင် တက်ကြွလှုပ်ရှားသူများမှ စတင်ကာ နိုဝင်ဘာ(၂၅) ရက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ မှ ဒီဇင်ဘာ

(၁၀)ရက် (ကမ္ဘာ့လူ့အခွင့်အရေးနေ့)အထိ (၁၆)ရက်တာ နှစ်စဉ် ကျင်းပကြသည်။

၃။ ယခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ "အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးဖို့ အတူပါဝင်ပံ့ပိုးစို့" UNiTE! Invest to Prevent Violence against Women & Girls ဖြစ်သည်။ ယခုနှစ်၏ ဆောင်ပုဒ်သည် အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကာကွယ်ခြင်း၊ တားဆီးခြင်းနှင့် တရားမျှတမှုဖော် ဆောင်ခြင်းအတွက် လက်တွေ့လုပ်ဆောင်ရန်၊ အသိပညာဖြန့်ဝေရန်အတွက် လူသားအရင်းအမြစ်၊ ဘဏ္ဍာရေး အရင်းအမြစ်နှင့် အချိန်အရင်းအမြစ်တို့ကို စိုက်ထုတ်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကာကွယ်၊ တားဆီး၊ တုန့်ပြန်ရန် ဖြစ်သည်။

၄။ နွေဦးတော်လှန်ရေးကာလအတွင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၏ အတည်ပြုပြီး မှတ်တမ်းများနှင့် သတင်း မီဒီယာများမှ ကောက်ခံရရှိမှု မှတ်တမ်းများအရ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူများအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခဲ့သည့်အမှုများမှာ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ(၁)ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ(၃၁) ရက်အထိ စုစုပေါင်း (၁၃၅)မှု ရှိခဲ့ပြီး ကျူးလွန်ခံရသူများမှာ အမျိုးသား (၆)ဦး၊ အမျိုးသမီး (၁၈၇)ဦး၊ LGBTQ+ (၁၇)ဦး နှင့် ကျား/မ မသိရှိရသူ (၁၃)ဦး စုစုပေါင်း (၂၃၃)ဦး ရှိခဲ့ပါသည်။

၅။ နွေဦးတော်လှန်ရေးတွင် စစ်အာဏာရှင်နှင့်တကွ အာဏာရှင်စနစ် အဆုံးသတ်ရေးနှင့်အတူ ဖိုဝါဒကြီးစိုးမှု အဆုံးသတ်ရေး၊ ကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်အလေ့အထ အဆုံးသတ်ရေးတို့ကို အထူး

ဦးစားပေး လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုအဖြစ် နိုင်ငံရေးစိတ်ဆန္ဒ အပေါ်အခြေခံကာ အားလုံးပါဝင် လုပ်ဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။

၆။ အမျိုးသမီးနှင့် မိန်းကလေးများကို အကြမ်းဖက်မှုကာကွယ်တာဆီးရေးနှင့် တုန့်ပြန်ရေးအတွက် အသိပညာဖြန့်ဝေခြင်း၊ နည်းပညာပံ့ပိုးခြင်း၊ စွမ်းရည်တည်ဆောက်မြှင့်တင်ခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ဥပဒေနှင့် တရားမျှတမှုရယူသည့်ဝန်ဆောင်မှု၊ စိတ်လူမှုပံ့ပိုးကူညီခြင်းနှင့် လုံခြုံသည့်နေရာ ဖန်တီးပေးခြင်းတို့အတွက် နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကူညီထောက်ပံ့ကြရန်လည်း တိုက်တွန်းအပ်ပါသည်။

**အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ**
**အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားညီညွတ်ရေးအစိုးရ
## အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

# (၁၆)ရက်တာ လှုပ်ရှားမှုနေ့၏ သမိုင်းအကျဉ်း

၁။ အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုကာလသည် နိုဝင်ဘာ(၂၅)ရက် (အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးနေ့) မှ ဒီဇင်ဘာ (၁၀) ရက်(လူ့အခွင့်အရေးနေ့)အထိ (၁၆)ရက်တာကာလကိုခေါ်ဆိုခြင်းဖြစ်ပြီး လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက စတင်လှုံ့ဆော်ကျင်းပခဲ့ကြသော ယင်း(၁၆)ရက်တာလှုပ်ရှားမှုကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

၂။ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ **ကျား/မအခြေပြု အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ ပပျောက်ရန် ကြိုးပမ်းချက်များနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်နှင့် မြှင့်တင်ရန်** တို့ဖြစ်သည်။ ယင်းကဲ့သို့ ကြိုးပမ်းအားထုတ်ရာမှာ ပါဝင်နေကြတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့ရဲ့ တစိုက်မတ်မတ်လုပ်ဆောင်မှုများအား လေးစားအသိအမှတ်ပြု အားပေးရန်၊ ကြိုးပမ်းလုပ်ဆောင်မှုများအား အချင်းချင်း မျှဝေခြင်းဖြင့်လေ့လာနိုင်ကြစေရန် ရည်ရွယ်ပါသည်။

၃။ ၂၀၂၃ခုနှစ်အတွက် ဆောင်ပုဒ်မှာ "**အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးဖို့ အတူတကွ ပါဝင်**

**ပွဲပိုးစို့**” **“UNiTE! Invest to Prevent Violence against Women & Girls”** ဖြစ်ပါသည်။

၄။ အဆိုပါ ဆောင်ပုဒ်သည် အမျိုးသမီးနှင့်မိန်းကလေးများအပေါ် အကြမ်းဖက်မှုကို ကာကွယ် တားဆီး တုန့်ပြန်နိုင်ရန် ငွေ၊ အချိန်၊ လူနှင့် ဦးစားပေးမှု စသည့်အရင်းအမြစ်များအားလုံး အတူတကွ ရင်းနှီးမြှုပ်နှံ လုပ်ဆောင်ကြရန် ဖြစ်ပါသည်။

၅။ **အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (သို့မဟုတ်) ဖဲကြိုးဖြူနေ့** - ဒိုမီနီကန် သမ္မတနိုင်ငံ၊ သမ္မတ Rafael Leonidas Trujillo Molina က ၎င်းအားဆန့်ကျင်သော ညီအစ်မကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် ၁၉၆၀ပြည့်နှစ်၊ နိုဝင်ဘာ(၂၅)ရက်ကို အစွဲပြုမှတ်ယူ၍ ၁၉၉၉ခုနှစ်၊ (၅၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၅၄/၁၃၄)အရ နိုဝင်ဘာ(၂၅)ရက်ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ အဖြစ် သတ်မှတ်ခဲ့ကြပြီး ဖဲကြိုးဖြူနေ့ဟုလည်း ခေါ်ဆိုပါသည်။ ယင်း Mirabal ညီအစ်မသုံးဦး သတ်ဖြတ်ခဲ့သည့် သတင်းမှာ ကမ္ဘာကျော် ဖြစ်ရပ်တစ်ခုအဖြစ် ထင်ရှားခဲ့သည်။

၆။ အမျိုးသမီးများအပေါ်အကြမ်းမဖက်ပါ။ အကြမ်းဖက်မှု တွေကိုလည်း ဖြစ်နိုင်သမျှ ကာကွယ်တားဆီးပေးပါမည် စသည့် ခံဝန်ကတိများဖြင့် ဖဲကြိုးဖြူကို တပ်ဆင်ကြပါသည်။

၇။ စစ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ(၁)ရက်နေ့မှ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီ(၃၁)ရက်အထိ မြန်မာနိုင်ငံတွင် စစ်ဘေးရှောင်ဦးရေ

(၂)သန်းခန့် ရှိသည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ၎င်းစစ်ဘေးရှောင်များတွင် အမျိုးသမီးနှင့် ကလေးသူငယ်များစွာ ပါဝင်ပြီး ၎င်းတို့အပေါ် အကြမ်းဖက်မှုများ၊ မုဒိန်းမှုများ၊ လိင်ပိုင်းဆိုင်ရာ ထိခိုက်အကြမ်းဖက်မှုများနှင့် အခြားကျူးလွန်မှုများသည် နေ့စဉ်နှင့်အမျှတိုးပွားလာလျက်ရှိပါသည်။

၈။ စစ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ (၃၁)ရက်နေ့ အထိ အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အာဏာသိမ်းကာလမှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလကုန်အထိ ကလေးသူငယ်ပေါင်း(၅၂၉)ဦး နှင့် အမျိုးသမီး (၈၇၁)ဦး သတ်ဖြတ်ခံရခဲ့ရပြီး အသက်(၁၈)နှစ်အောက်လူငယ်ပေါင်း (၅၁၉)ဦး နှင့် အမျိုးသမီးပေါင်း (၅၀၇၃)ဦး ဖမ်းဆီးခံခဲ့ရသည်။

အာဏာသိမ်းကာလအတွင်း စစ်ကောင်စီဘက်မှကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှာ (၂၃၃) ဦး၊ PDF/LPDF/ERO ဘက်မှ ကျူးလွန်သော လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှာ (၃၂) ဦးရှိပြီး၊ အရပ်သား အချင်းချင်းကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမှာ (၉၃)ဦး ရှိခဲ့သည်။

## (၁၆)ရက်တာလှုပ်ရှားမှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

၁။ ယခုနှစ်(၁၆)ရက်တာ လှုပ်ရှားမှု၏ဆောင်ပုဒ်နှင့် လူထုလှုပ်ရှားမှုများသည် အကြမ်းဖက်မှုကို ကာကွယ် တားဆီးတုန့်ပြန်နိုင်ရန်၊ ငွေ၊ အချိန်၊ လူနှင့် ဦးစားပေးမှု စသည့်အရင်းအမြစ်များကို အမျိုးသားရေးအသွင်ဖြင့် အတူတကွ ရင်းနှီးမြှုပ်နှံလုပ်ဆောင်ကြရန်ဖြစ်ပြီး လှုပ်ရှားမှု၏ အရောင်မှာ လိမ္မော်ရောင် ဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်နယ်အတိုင်ပင်ခံကောင်စီများ၊ NUCC၊ CRPH၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ၊ အမျိုးသားနှင့် ယောကျ်ားလေးများ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ ကျောင်းများ၊ ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်များအား ကွဲပြားသော ကြိုတင်ကာကွယ်ရေး ဗျူဟာများကို မြှင့်တင်ရန်နှင့် ပံ့ပိုးကူညီရန်၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရမှုများ မဖြစ်ပွားစေရန် တောင်းဆိုထားသည်။

### အဓိက စည်းရုံးရေးရည်ရွယ်ချက်များမှာ

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျား/မ အခြေပြု အကြမ်းဖက်မှုများ အဆုံးသတ်ရန်။
- ကျား-မ အခြေပြုအကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများအား အကာအကွယ်ပေးရန်။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရမှု တားဆီး ကာကွယ်ရေးတွင် မဟာမိတ်ဖြစ်ရန် လူတိုင်းကိုဖိတ်ခေါ်ရန်။

## ❀ ပိုးကိုက်ပန်းတော့မဖြစ်စေချင် ❀

ပန်းခင်းလေးထဲမှာ ...
အလှပန်းလေးတွေဝေဝေဆာ ...
အလှကိုပဲ နူးညံ့စွာ
ငေးပါ ကြည့်ပါ ခံစားပါ ၊
စိတ်ရိုင်းဝင်ကာ ကြမ်းတမ်းစွာ
ပန်းအလှကိုညှိုးနွမ်းအောင်
ချိုးဖဲ့လို့မခူးစေချင် ၊
တစ်ပွင့်မာလာ
ပိုးကိုက်လို့အလှပျက်ရှာ ....
သူ့ခမျာ အလှတောထဲမှာသိမ်ငယ်စွာ
သနားစရာ စာနာပါ
အလှဆိုတာ ပန်းရဲ့ဘဝမို့
ဘဝဖျက်တဲ့
ပန်းကိုက်ပိုးတော့ဝေးစေချင်
ပိုးကိုက်ပန်းတော့မဖြစ်စေချင် ... ။ ။

*(အမျိုးသမီးများအား လိင်အကြမ်းဖက်မှုဆန့်ကျင်ရေးသို့)*

**ကိုလွမ်းဝေ(မျှော်ငေးသူ)**

# အိမ်မက်ဆိုးမှ နိုးထနိုင်ရေး

**(ဒေါက်တာသာစိန်)**

၁၉၄၁ခုနှစ်၊ ဇွန်လ နှင့်ဇူလိုင်လ၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း။

အချိန်ကာလမှာနှစ်ပရိစ္ဆေဒအားဖြင့်ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း ဂျူးလူမျိုးများအပါအဝင် ကမ္ဘာ့တစ်ဝှမ်းက ပြည်သူများအဖို့ မေ့ပျောက်ခြင်းငှာ မစွမ်းနိုင်ခဲ့သောအကွက်ကျကျစီစဥ်ခဲ့ကြသည့် ညှင်းပန်းနှိပ်စက်မှုကြီး တစ်ရပ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဥ်မှာ.... ထိုစဥ်က ပြစ်မှုကျူးလွန်သူများဖြစ်သော ယူကရိန်းနိုင်ငံရေး အစွန်းရောက်သမားများနှင့် ဂျာမန်အသေခံစစ်သားများက ၎င်းတို့ သိမ်းပိုက်ထားသော အရှေ့ပိုလန်နှင်အနောက်ယူကရိန်းဒေသ (ယခု ယူကရိန်း နိုင်ငံ၊ ကိဗ်မြို့)ရှိ ဂျူးလူမျိုးများအားအစုလိုက်အပြုံလိုက်သတ်ဖြတ်နေ ချိန်တွင် အမျိုးသမီးများကိုမူ မသတ်မီအဝတ်အစားများ ဆွဲချွတ်ပြီးမှ ညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိန်းကျင့်ခြင်းစသော ကမ္ဘာ့အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုကြီးကို ကျူးလွန်ခဲ့ကြသည်။

ဂျူးလူမျိုးများအပေါ်ရိုက်ခတ်မှုကြီးမားခဲ့သော ထိုလူမျိုးတုန်းသတ်ဖြတ်မှု၊ မသတ်ခင်ညှင်းပန်းနှိပ်စက်မှုများကို ကိုယ်တိုင်သားကောင်ဖြစ်ခဲ့ရပြီး ထိပ်လန့်တုန်လှုပ်ဖွယ်ဖြစ်စဉ်ကိုမျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသူ ဂျူးအမျိုးသမီးငယ်တစ်ဦး၏ စကားပြောသောမျက်ဝန်းက ထိုလူ့အခွင့်အရေးချိုးဖောက်မှုကြီး၏ အတိမ်အနက်သရုပ်မှန်ကို လှစ်ဟပြခဲ့ပေသည်။

ထိုဖြစ်စဥ်နည်းတူ...

ကာလအားဖြင့် ဆယ်စုနှစ်သုံးခုတိုင်ခဲ့ပြီဖြစ်သည့် ၁၉၉၂ခုနှစ်တွင်လည်း ဆားဗီးယားတပ်ဖွဲ့တို့က များပြားလှသော ဘော့စနီးယားမူဆလင်များအပေါ် အလားတူအမှုမျိုး ထပ်မံကျူးလွန်ခဲ့ကြပြန်သည်။ ဘော့စနီးယား မူဆလင်များကို စစ်အကျဉ်းစခန်းတစ်ခုသို့ခေါ်ဆောင်ကာ သွေးပျက်စေ လောက်သည်အထိ ညှင်းပန်းနှိပ်စက်ကာ အမျိုးသမီးများကိုမူ စကားလုံးဖြင့် ဖော်ပြရန်ပင်ခက်ခဲသော(နားနဲ့မနာဖဝါးနဲ့နာ) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်ပြုကျင့်ခဲ့ကြသည်။

ထိုသို့ပြုကျင့်ခံခဲ့ရသည့် သားကောင်များထဲတွင် ဖြူဖွေးသော အသားအရည်၊ တည်ငြိမ်ရင့်ကျက်သောမျက်နှာ၊ ပြာလဲ့လဲ့မျက်လုံး ပိုင်ရှင်ဖြစ်သည့် M(အမည်ဝှက်)ဆိုသူ အမျိုးသမီးလည်း ပါဝင်ခဲ့သည်။ M သည် စစ်အကျဉ်းစခန်းတွင် အကြွေပန်းဘဝဖြင့် ခြောက်ခြားဖွယ်ရာ နေ့ရက်များစွာကို ဖြတ်သန်းခဲ့ရသည်။

ထို့နောက်ကံအားလျော်စွာပြန်လည်လွတ်မြောက်ခဲ့သော်လည်း M သည် လောကငရဲမှ ရခဲ့သောစိတ်ဒဏ်ရာဒဏ်ချက်ကြောင့် အရှုံးတစ်ပိုင်းဖြစ်ကာ နေ့စဥ်နှင့်အမျှ ကြောက်ရွံ့မှု၊ မလုံခြုံမှုများကို စိတ်အာရုံတွင် ဖိဖိစီးစီးခံစားခဲ့ရသည်။ ထိုအိပ်မက်ဆိုးကြီးမှ နိုးထနိုင်ရေးအတွက် ကာလအတန်ကြာအောင် M ကြိုးစားရုန်းကန်ခဲ့ရသည်။ ဆားဗီးယား တပ်ဖွဲ့များ တပ်စွဲထားသည့် ၁၉၉၂ခုနှစ် မှ ၁၉၉၅ခုနှစ် အတွင်း ယူဂိုဆလားဗီးယားတွင် အသက်အရွယ်အစုံ အမျိုးသမီး (၅၀၀၀၀)ခန့်သည် M ကဲ့သို့အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရပြီး စိတ်ဒဏ်ရာများ၊

အိပ်မပျော်သည့်ညများဖြင့် ဘဝ၏ကျန်ခဲ့သောအချိန်ကို ကုန်လွန်ခဲ့ကြရသည်။

အထက်တွင်ဖော်ပြခဲ့သည့်ဖြစ်စဥ်မျိုးကဲ့သို့သောအမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခု မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သည့် (၈)နှစ်ခန့်က ဖြစ်ပေါ်ခဲ့သေးသည်။ ရက်၊ လ အတိအကျမှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်တွင်ဖြစ်သည်။ ထိုနေ့တွင် ကချင်လူထုအကြား ပေါက်ကွဲသံများ ပဲ့တင်ထပ်ခဲ့ကြသည်။ ထိုဖြစ်စဥ်ကို ကြားသိရသူမြန်မာပြည်သူ အပေါင်းတို့လည်း တုန်လှုပ်ခြောက်ခြားခဲ့ကြရသည်။ အကြောင်းမှာ လူ့ဘဝ၏ဖူးငုံစအရွယ် အသက်(၂၀)မျှသာရှိသော စေတနာ့ဝန်ထမ်းကျောင်းဆရာမနှစ်ဦးဖြစ်သူ မရန်လူရာနှင့် တန်ဘောင်ခေါနန်းစင်တို့သည် ကောင်းခါးကျေးရွာရှိ ၎င်းတို့တဲတွင်ရှိနေစဥ် လူယုတ်မာတစ်စုက အုပ်စုလိုက် အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းခံခဲ့ရသောကြောင့်ဖြစ်သည်။

ပြုကျင့်ခံထားရသူများမှာ ပန်ထားသည့်ပန်းတွေကြွေ၊ ဆံပင်တွေလည်း ပြေ၊ အဝတ်အစားများလည်းကြေသည်အထိ ထုနှက်ညှင်းပန်းနှိပ်စက်ခံထားရသည်။ ပြစ်မှုကျူးလွန်သူ တရားခံများမှာ ကျေးရွာအနီးတွင် စခန်းချနေထိုင်သော ခမရ(၅၀၃)မှ တပ်ဖွဲ့ဝင်(၂၈)ဦး ပါဝင်သောအဖွဲ့ဖြစ်သည်။

သို့သော် ၎င်းတို့ကျူးလွန်ကြကြောင်းခိုင်လုံသည့် သက်သေအထောက်အထားများ ရရှိခဲ့သော်လည်း တရားဥပဒေစိုးမိုးမှု အားနည်းသော ဒေသဖြစ်ခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိသော စစ်တပ်၏ တရားစီရင်မှုစနစ် ဖြစ်ခြင်းတို့ကြောင့်ထိုအမှုကို"တရားသေလွှတ်ခြင်း" ဟူသော

ဥပဒေသုံးစကားရပ်ဖြင့် အမျိုးသမီးများအပေါ်အခမ္ပြုကျင့်ပြီး ရက်စက်စွာ ညှင်းပန်းသတ်ဖြတ်ခဲ့သည့်အမှုတစ်ခု နိဋ္ဌိတံ အဆုံးသတ်သွားခဲ့ရသည်။

ကောင်းခါးရှာဖြစ်ရပ်မှာ အချိန်ကာလအားဖြင့် အတော်ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း သွားလေသူ မရန်လူရာနှင့် တန်ဘောင်ခေါနန်းစံတို့၏ ရင်ကွဲနာကျခဲ့သူ မိသားစုဝင်များ၊ အမှတ်ရအောက်မေ့ကာ တမ်းတရင်း ငိုချင်းရှည်ချခဲ့ရသူများ၊ အပူရုပ်ကိုဟန်လုပ်နေရသူ လုပ်ဖော်ကိုင်ဖက်များ အနေဖြင့်အားမတန်၍ မာန်လျှော့ခဲ့ရသည့်တိုင် အတိတ်က ထိုဇာတ်ကြောင်းကို ပြန်ပြောင်းသတိရတိုင်း ဝမ်းနည်းပူဆွေးမှု၊ နာကျည်းမုန်းတီးမှု၊ လွမ်းဆွတ်တမ်းတသတိရမှုများကို ရင်၌ကိုယ်စီသိမ်းဆည်းထားကြရင်း အိမ်မက်ဆိုးမှနိုးထနိုင်ရေး အချိန်ယူရဦးမည်မှာ မလွဲကေန်ဖြစ်သည်။

ကျန်ရစ်သူများအနေဖြင့် အကြောင်းမလှခဲ့သည့် မရန်လူရာ နှင့် တန်ဘောင်ခေါနန်းစင်တို့အတွက် ရတက်မအေးကြရသော်လည်း အမျက်ပြေဆေးအဖြစ် တရားမျှတမှုရရှိရေး ကြမ္မာရဟတ်တစ်ပတ် လည်မည့်နေ့ကို စောင့်မျှော်နေကြမည်မှာလည်း အမှန်ပင်ဖြစ်သည်။

ထို့အတူ ကမ္ဘာ့သမိုင်းဝင်ရက်စက်မှုအပေါင်း၏ သားကောင်ဖြစ်ခဲ့ရသော ဂျူးများနှင့် ဘော့ဇနီးယားမူဆလင်များ၏ကျန်ရစ်သူ ဆွေစဥ့်မျိုးဆက်များအနေဖြင့်လည်း ဖော်ပြပါအဖြစ်ဆိုးများကို သင်ပုန်းချေနိုင်ဦးမည် မဟုတ်သေးသကဲ့သို့ တိုက်ဆိုင်မှုရှိတိုင်း တောက်ခေါက်သံများနှင့်အတူ ဝမ်းနည်းပူဆွေးမှုများ ခံစားနေရဦးမည်ဖြစ်သည်။

၂၀၂၁ခုနှစ်မှစတင်ခဲ့သော နွေဦးတော်လှန်ရေးတွင် စစ်ကောင်စီမှ အမျိုးသမီးများအပေါ် ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှာ (၂၃၃)မှုရှိပြီး အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ ကျူးလွန်ခံရသူအမျိုးသမီးများအား ပြန်လည်ကုစားပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပြုခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြင့် ပံ့ပိုးပေးခြင်း တရားမျှတမှုရရှိရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (Independent Investigative Mechanism for Myanmar) သို့ အချက်လက်များပေးပို့ပြီး ကျူးလွန်သူများကို ထိရောက်စွာ အရေးယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။


သို့အတွက် ကျူးလွန်ခံရသူများ၏ ကျန်ရစ်သူ ဆွေစဉ်မျိုးဆက်များ အိမ်မက်ဆိုးမှနိုးထနိုင်ရေး၊ အလားတူဖြစ်ရပ်ဆိုးများ ထပ်မံမဖြစ်ပွားအောင် တားဆီးနိုင်ရေးနှင့် အမျိုးသမီးထုကြီး၏ အခွင့်အရေးများကို ကာကွယ်နိုင်ရေးအတွက် လူသားတိုင်း အထူးသဖြင့် လူပီသသူတိုင်းတွင် ကိုယ်စီကိုယ်ငှ တာဝန်ရှိကြပါကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။


***(M = လိင်အကြမ်းဖက်ခံရသောအမျိုးသမီးတစ်ဦး၏အမည်ဝှက်)***

<u>ကလေးများဆုရပန်းချီကား</u>

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ(၅)ရက်နေ့တွင် စစ်ကိုင်းတိုင်း ပင်လည်ဘူး မြို့နယ်တွင် (၁၆)ရက်တာလှုပ်ရှားမှုအနေဖြင့် ပန်းချီပြိုင်ပွဲ၊ ခေတ်ပုံ ပြိုင်ပွဲကျင်းပခဲ့ပြီး အခမ်းအနားသို့ မြို့နယ် ပအဖ၊ ပကဖ၊ ပညာရေး ဝန်ထမ်းများတို့နှင့်အတူ အမျိုးသမီး၊လူငယ်နှင့်ကလေးသူငယ်ရေးရာ တာဝန်ခံတို့က ဆုရပန်းချီများ၊ ဆုရ ဓါတ်ပုံများအား ဆုချီးမြှင့် ပေးခဲ့ကြပါသည်။

စစ်ကိုင်းတိုင်း၊ ပင်ဘယ်ဘူးမြို့နယ်တွင် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်တွင် ကျင်းပသော (၁၆)ရက်တာလှုပ်ရှားမှုဆိုင်ရာ ပန်းချီပြိုင်ပွဲ၊ ဓါတ်ပုံပြိုင်ပွဲတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဆုရပန်းချီကားများ -






## အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၁၆)ရက်တာ လူထုလှုပ်ရှားမှုဆိုင်ရာ ပန်းချီ ပြိုင်ပွဲမှ ဆုရပန်းချီများ









အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှထုတ်ဝေသည်။

**၂၀၂၃ခုနှစ်၊ နိုဝင်ဘာ(၂၀)ရက် “ကမ္ဘာ့ကလေးများနေ့”** အထိမ်းအမှတ် အဖြစ် **Nway Oo Federal School (NOFS)** ကျောင်း၌ ကျင်းပြုလုပ်သည့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် **ပထမဆုရခဲ့သော “NOFS-10”** ကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန နှင့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန တို့က မှတ်တမ်းတင်ဂုဏ်လွှာဖြင့် ဂုဏ်ပြုခဲ့ကြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန ၊ အမျိုးသမီး ၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

**မှတ်တမ်းတင်ဂုဏ်ပြုလွှာ**

၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ (၂၀) ရက်နေ့၊ **“ကမ္ဘာ့ကလေးများနေ့”** အထိမ်းအမှတ်အဖြစ် **“Nway Oo Federal School (NOFS)”** ကျောင်း၌ ကျင်းပပြုလုပ်သည့် **“အလယ်တန်းဆင့် ပန်းချီပြိုင်ပွဲ”** တွင် **“ပထမဆု”** ရရှိသော **“NOFS G9-10”** ကို **အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန ၊ အမျိုးသမီး ၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန တို့က မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည် ။**

ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

နော်စုစန်နာလှလှစိုး
ပြည်ထောင်စုဝန်ကြီး
အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

ဦးအောင်မျိုးမင်း
ပြည်ထောင်စုဝန်ကြီး
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Certificate Code: WCD(2023)/20112023055

<u>ဆုရဓာတ်ပုံကဏ္ဍ</u>

**အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၁၆)ရက်တာလူထုလှုပ်ရှားမှုဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများ။**




-----






## (၁၆)ရက်တာလှုပ်ရှားမှုကဏ္ဍ

၂၀၂၃ခုနှစ် ဒီဇင်ဘာ (၉)ရက်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့ အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာ တာဝန်ခံမှ ဦးဆောင်၍ "အမျိုးသမီး နှင့်မိန်းကလေးများကိုကာကွယ်ဖို့ အတူတကွပါဝင်ပံ့ပိုးစို့" ဆောင်ပုဒ်ကို ကိုင်စွဲကာ အပြည်ပြည် ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် စစ်ဘေးရှောင် ကလေးများမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သောမှတ်တမ်းဓါတ်ပုံများ။







အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၁၆)ရက်တာ လူထုလှုပ်ရှားမှုကိုကြိုဆိုထောက်ခံသောအားဖြင့် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ (၆)ရက်နေ့တွင် အစိုးရအစည်းအဝေး၊ အခမ်းအနားများ၌ ဖဲကြိုးဖြူတပ်ဆင်မှုများ ကျင်းပရာ အခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတော်ယာယီသမ္မတ ဒူဝါလရှီးလ၊ နိုင်ငံတော်ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း၊ ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြစဉ်။



၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ(၁၀)ရက်တွင် UK နိုင်ငံရောက် တော်လှန်ရေး မိသားစုဝင်များနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်၏သားဖြစ်သူ Kim က (၁၆)ရက်တာလှုပ်ရှားမှု မှတ်တမ်းဓါတ်ပုံ။



-----

ထိုင်းနိုင်ငံရောက်မြန်မာအမျိုးသမီးများ (၁၆)ရက်တာလှုထုလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့ကြသည်ကို တွေ့ရစဥ်။



**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၉) ရက်တွင်ပြင်သစ်နိုင်ငံရှိ ပြင်သစ်ကိုယ်စားလှယ်ရုံးအဖွဲ့ဝင်များနှင့် မြန်မာတော်လှန်ရေးမိသားစုဝင်များမှ အမျိုးသမီး လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၁၆)ရက်တာလှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည် မှတ်တမ်းဓါတ်ပုံများ။**








## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ(၁၂)ရက်တွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် အမျိုးသမီး လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော (၁၆)ရက်တာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ။





## မကွေးတိုင်း၊ ပေါက်မြို့နယ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၏ (၁၆)ရက်တာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ။





၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ(၇)ရက် တွင် ကရင်နီပြည်နယ် ကြားကာလ
အုပ်ချုပ်ရေးကောင်စီနှင့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန၏ (၁၆)ရက်တာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ။









အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှထုတ်ဝေသည်။

ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ် ကျောင်းသား/ကျောင်းသူများက (၁၆)ရက်တာလှုပ်ရှားမှုများကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ(၁၁)ရက်တွင် (၁၆)ရက်တာကာလလှုပ်ရှားမှုသမိုင်းကြောင်း ဟောပြောခြင်း၊ (၁၆)ရက်တာလှုပ်ရှားမှုသို့ ပေးပို့သော Karen Women Organization (KWO) ၏ သဝဏ်လွှာများဖတ်ကြားခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုထုလှုပ်ရှားမှု ဗဟုသုတ အမေးအဖြေကဏ္ဍပြုလုပ်ခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ။








၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ(၉)ရက်တွင် (၁၆)ရက်တာလှုပ်ရှားမှု အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ အမျိုးသမီးလူငယ်နှင့်ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် "အမျိုးသမီးနှင့် မိန်းကလေးများကို ကာကွယ်ဖို့ အတူတကွပံ့ပိုးစို့" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှု ပပျောက်ရေးနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု အကြောင်းအရာများကို စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်တွင် အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာ တာဝန်ခံက ရှင်းလင်းပြော ကြားခဲ့စဉ်။





**စစ်ကိုင်းတိုင်း၊ ပင်လယ်ဘူးမြို့နယ်မှ (၁၆)ရက်တာလူထုလှုပ်ရှားမှုတွင်
ကျောင်းသူ၊ ကျောင်းသားများ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြသည့်
မှတ်တမ်းဓါတ်ပုံများ။**






၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ (၉)ရက်တွင် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့ရှိ
တော်လှန်ရေးရဲဘော်များက (၁၆)ရက်တာလှုပ်ရှားမှုတွင် တက်ကြွစွာ
ပါဝင်ခဲ့သည်ကို တွေ့ရစဉ်။







## ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ(၇)တွင် ကြားကာလချင်းအမျိုးသား အတိုင်ပင်ခံကောင်စီနှင့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနတို့ပူးတွဲကျင်းပသော (၁၆)ရက်တာလှုပ်ရှားမှု မှတ်တမ်းဓါတ်ပုံများ






၂၀၂၃ခုနှစ်၊ နိုဝင်ဘာ (၂၅)ရက်တွင် မကွေးတိုင်းဒေသကြီး၊
ပေါက်မြို့နယ်တွင် အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန၏ (၁၆)ရက်တာလှုပ်ရှားမှုတွင် ဒေသခံများတက်ကြွစွာ
ပါဝင်ခဲ့ကြသည်ကို တွေ့ရစဉ်။








## မှတ်တမ်းရုပ်ရှင်ကဏ္ဍ




(၁၆)ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ပြည်သူ့နွေဦးတော်လှန်ရေးတွင် အမျိုးသမီးသူရဲကောင်းများ၏ မှတ်တမ်းရုပ်ရှင်များကို အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန နှင့် Public Voice Television (PVTV) တို့က ရိုက်ကူးခဲ့ရာ "မီးလျှံ ကြားက ကြာ" မှတ်တမ်းရုပ်ရှင်ကို နိုဝင်ဘာ (၂၅) ရက်တွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၏ Facebook လူမှုကွန်ရက်စာမျက်နှာ နှင့် Public Voice Television (PVTV)၏Facebook, Youtube တို့မှ ထုတ်လွှင့်ပြသ သွားခဲ့သည်။

**"မီးလျှံကြားက ကြာ"**မှတ်တမ်းရုပ်ရှင်ဇာတ်ကားတွင် မန္တလေးသူတစ်ဦးက အာဏာသိမ်းမှုကို လက်သုံးချောင်းထောင်ပြီး လှုပ်ရှားဆန္ဒပြခဲ့သော်လည်း၊ ဆန္ဒပြနေရုံဖြင့် မလုံလောက်၍ လက်နက်ကိုင် လမ်းစဥ်ကို ရွေးချယ်ပြီး သားတစ်ယောက်မိခင် ဖြစ်လင့်ကစား အာဏာရှင်ကို တော်လှန်ရန် လွတ်မြောက်နယ်မြေသို့ သွားရောက်ကာ ERO များထံမှ စစ်သင်တန်း၊ မိုင်းသင်တန်း၊ UG သင်တန်းတို့ကို သင်ယူခဲ့ပြီးနောက် ပြန်လာ၍ တက်ကြွသောလူငယ်များကို စည်းရုံးကာ ဆင့်ပွားသင်တန်းများပေးခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်အပြည့် တော်လှန်ရေးရန်ပုံငွေများကို ပင်ပန်းခက်ခဲစွာရှာဖွေပေးခဲ့ပြီး စစ်ဆင်ရေးများကိုလည်း နောက်တန်းမှနေ၍ မိုင်း လက်နက်များ ထုတ်လုပ်ပံ့ပိုး ပေးမှုကို ဖြစ်ရပ်မှန်သရုပ်ဖော် ရိုက်ကူးထားပါသည်။




**"မကွေးသူ တာလပေါ့"** မှတ်တမ်းရုပ်ရှင်ဇာတ်ကားတွင် မကွေးတိုင်းမှ အမျိုးသမီးတစ်ဦးက အာဏာသိမ်းပြီးနောက် ဖေဖော်ဝါရီ(၆)ရက်တွင် သပိတ်ခေါင်းဆောင်အဖြစ် မြို့လုံးကျွတ် အာဏာရှင်ဆန့်ကျင်ဆန္ဒပြပြီးနောက်ပိုင်း လွတ်မြောက်နယ်မြေရှိ တော်လှန်ရေးအင်အားစုများထံရောက်ရှိကာ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ တပ်ထောက်တာဝန်ခံအဖြစ် အခက်အခဲများစွာကို ရင်ဆိုင်ရင်း ဆန္ဒနှင့် လုပ်ရပ် တစ်ထပ်တည်းဖြစ်အောင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပေးဆပ်မှု၊ ခံနိုင်ရည်စွမ်းရှိမှုနှင့် တာဝန်ကျေပြွန်မှုတို့ကို ဖြစ်ရပ်မှန် သရုပ်ဖော်ရိုက်ကူးထားသည်။



"**Lily of Moei**"ဖြစ်ရပ်မှန် ဇာတ်လမ်း တိုတွင် ရောဝတီတိုင်းမှ အမျိုးသမီးတစ်ဦးက ဆန္ဒပြရင်း အန္တရာယ်နှင့်ရင်ဆိုင်နေရချိန် လွတ်မြောက်နယ်မြေသို့ ခက်ခဲစွာရောက်ရှိကာ ဘဝတူတော်လှန်ရေးသမားများ၏ အခက်အခဲများကို ကိုယ်ချင်းစာရင်း အုပ်တစ်ချပ်၊ သဲတစ်ပွင့်ဖြင့် ထောက်ပို့တာဝန် ကျေပြွန်ခဲ့ပုံကို မှတ်တမ်းတင် ရိုက်ကူးထားသည်။

## (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် စကားဝိုင်းကဏ္ဍ




အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို **"Unite! Invest to prevent Violence Against Women and Girls"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားအစီအစဉ်ကို အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ PVTV၊ DVB၊ ခေတ်သစ်မီဒီယာ၊ DNA News၊ မဇ္ဈိမ၊ နွေဦးအသံ၊ D-day Channel၊ လူထုနွေဦး၊ ဒီလမ်း နှင့် Radio NUG တို့က ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ(၂) ရက်တွင် တိုက်ရိုက်ထုတ်လွှင့် ပြသခဲ့သည်။

အမျိုးသမီး၊လူငယ်နှင့်
ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန

"အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု
ကာကွယ်တားဆီးဖို့ အတူ ပါဝင်ပံ့ပိုးစို့"




ဆက်သွယ်ရန် Email - mowyca@nugmyanmar.org

http://mowyca.nugmyanmar.org

တိုင်ပင်ဖော်

စိတ်ပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း ဝန်ဆောင်မှုအတွက် ဆက်သွယ်ရန်
တိုင်ပင်ဖော် Telegram username - @taipinphaw

taipinphaw.01@gmail.com

မျှတလမ်းညွှန်

ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေးတိုင်ပင်ရန်အတွက် ဆက်သွယ်ရန်

မျှတလမ်းညွှန် Telegram username - @mtln2023

mhyata@mowyca.nugmyanmar.org